**Press Release**

## လေဆိပ်တွင်း ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် လုပ်ငန်းလည်ပတ်မှုအဆင်ပြေချောမွေ့စေရေးအတွက် ရည်ရွယ်ပြုလုပ်သော FOD campaign လှုပ်ရှားမှု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆောင်ရွက်ပြီးစီး

**ရန်ကုန် - မေလ ၁၇ ရက်၊ ၂၀၁၉ ခုနှစ် -** ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲဂန်ဆောင်မှုပေးလျက်ရှိသော Yangon Aerodrome Company Limited သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် လုပ်ငန်းလည်ပတ်မှုအဆင်ပြေချောမွေ့စေရေးအတွက် ရည်ရွယ်၍ နှစ်ပတ်အတွင်းပြုလုပ်သည့် Foreign Object Debris (FOD) campaign လှုပ်ရှားမှုကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါသည်။

အဆိုပါလှုပ်ရှားမှုသည် လေဆိပ်အတွင်းရှိ လေယာဉ်များဆိုက်ကပ်ရာ လုပ်ငန်းခွင်၌ လေယာဉ်နှင့် ဂန်ထမ်းများမတော်တဆထိခိုက်မှုမရှိစေရန် ကြိုတင်ကာကွယ်ရေးကိုလှုံ့ဆော်သည့် လှုပ်ရှားမှုဖြစ်ပါသည်။ အဆိုပါလှုပ်ရှားမှုများကို FOD ၏ ဘေးအန္တရာယ်ဆိုးကျိုးများအား ဂန်ထမ်းများ သတိပြုမိနိုင်စေရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ်၊ မေလအတွင်း နှစ်ကြိမ်ပြုလုပ်ခဲ့ပါသည်။

FOD ဆိုသည်မှာ လေဆိပ်ဧရိယာအတွင်း ရှိနေသော မလိုလားအပ်သည့် ပစ္စည်းများဖြစ်ပြီး လေဆိပ်အတွင်း လေယာဉ်များ ဂင်ထွက်သွားလာဆိုက်ကပ်ရာတွင် ဘေးအန္တရာယ်ဖြစ်စေနိုင်မည့် ပစ္စည်းများဖြစ်ပါသည်။ အဆိုပါပစ္စည်းများတွင် ကောက်ယူဖယ်ရှားခြင်း မရှိသော အမှိုက်များ၊ စက်ပစ္စည်းများမှ ကျန်ခဲ့သော အစိတ်အပိုင်းများ၊ သံတိုသံစများ၊ လေယာဉ်အစိတ်အပိုင်းများ၊ ခရီးဆောင်အိတ်များ ထိခိုက်ကျိုးပဲ့ရာမှ ကျန်ခဲ့သော အစိတ်အပိုင်းများနှင့် ကွန်ကရစ်နှင့် ကတ္တရာအစိတ်အပိုင်းများ ပါဂင်ပါသည်။

ယခုနှစ် FOD Campaign များတွင် ပစ္စည်းအကြွင်းအကျန်များမှ အန္တရာယ်ဖြစ်နိုင်ခြေအများဆုံးဖြစ်သည့် Taxiway နှင့် Apron ဧရိယာနှစ်ခုကို အဓိကထားရှင်းလင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအကြွင်းအကျန်ပစ္စည်းများကို ရှာဖွေရှင်းလင်းခြင်းမရှိပါက ၎င်းအကြွင်းအကျန်များသည် လေယာဉ်အင်ဂျင်နှင့် တာယာများအား ထိခိုက်ပျက်စီးစေနိုင်ပြီး

ဂျက်အင်ဂျင်တွန်းအားနှင့်အတူလွင့်စင်၍ လေဆိပ်ဧရိယာအတွင်းရှိ ဝန်ထမ်းများအား မတော်တဆထိခိုက်မှုများ လည်းဖြစ်ပေါ်စေနိုင်ပါသည်။

FOD ၏ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများတွင် လေယာဉ်အင်ဂျင်များပြန်လည်ပြင်ဆင်ရခြင်း၊ တာယာများပြင်ဆင်လဲလှယ်ရခြင်း၊ လေယာဉ်ခရီးစဉ်နှောင့်နှေးမှုနှင့် ဖျက်သိမ်းမှုများဖြစ်ပေါ်စေခြင်းတို့အပြင် အခြားကြီးမားသော ဆုံးရှုံးမှုများစွာ ပါဝင်ပါသည်။

FOD ထိန်းချုပ်ရေးအစီအစဉ်တွင် လေ့ကျင့်သင်ကြားခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်း သုံးခုပါဝင်ပါသည်။ FOD ထိန်းချုပ်ရေးလုပ်ငန်းတွင် ပါဝင်ကြသော ဝန်ထမ်းများအား FOD ရှာဖွေစိစစ်ရန်၊ FOD တွေ့ရှိပါက တိကျစွာ သတင်းပေးပို့ရန်နှင့် စနစ်တကျဖယ်ရှားရှင်းလင်းရန်သင်ကြားပေးထားပြီး Standard Operating Procedure အရ နေ့စဉ်စစ်ဆေးမှုများပြုလုပ်ရန် ညွှန်ကြားထားပါသည်။

FOD campaign များဆောင်ရွက်ရာတွင် လေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းလိုင်းများ၊ Ground Handling Agent များ၊ အေးရှားဝေါလ်ကုမ္ပဏီဆောက်လုပ်ရေးကဏ္ဍမှ ဝန်ထမ်းများနှင့် Yangon Aerodrome Company Limited (“YACL”) ဝန်ထမ်းများပါဝင်လျက် လေဆိပ်တွင်းလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ ကုမ္ပဏီများမှ ဝန်ထမ်း ၂၃၈ ဦး အားတက်သရောပါဝင်ခဲ့ကြပြီး ၂၅၈၀၅၆ စတုရန်းမီတာအကျယ်အဝန်းတွင် FOD ၈၆.၅ ကီလိုဂရမ်ကျော်ကို ရှင်းလင်းသိမ်းဆည်းခဲ့ပါသည်။




*FOD campaign များဆောင်ရွက်ရာတွင် လေဆိပ်တွင်းလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ ကုမ္ပဏီများမှ ဝန်ထမ်း ၂၃၈ ဦး အားတက်သရောပါဝင်ခဲ့ကြပြီး ၂၅၈၀၅၆ စတုရန်းမီတာအကျယ်အဝန်းတွင် FOD ၈၆.၅ ကီလိုဂရမ်ကျော်ကို ရှင်းလင်းသိမ်းဆည်းခဲ့ပါသည်။*

အဆိုပါဘေးအန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှုများအပြင် Yangon Aerodrome Company Limited သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရန် Cyclone Technology ကဲ့သို့ အဆင့်မြင့်နည်းပညာကိုလည်း အသုံးပြုလျက်ရှိပါသည်။ပြေးလမ်းပေါ်တွင်ကျန်ရစ်ခဲ့သော ရာဘာအညစ်အကြေးများသည် လေယာဉ်များဆင်းသက်ရာတွင် အနှောင့်အယှက်ဖြစ်ပေါ်စေနိုင်ပါသည်။ Cyclone ဟုခေါ်သော နည်းပညာဖြင့် လေယာဉ်ပြေးလမ်းအား ပုံမှန်သန့်စင်ပေးခြင်းအားဖြင့် လေယာဉ်ပြေးလမ်းပေါ်ရှိ ရာဘာအကြွင်းအကျန်များအား သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ လျှော့ချရှင်းလင်းနိုင်မည်ဖြစ်ပါသည်။

"ဘေးအန္တရာယ်ကင်းရှင်းဖို့ဆိုတာ ရိုးရိုးရည်ရွယ်ချက်တစ်ခုပဲ မဟုတ်ပါဘူး၊ လူတိုင်းပူးပေါင်းပါဝင်ပြီး ကိုယ့်ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ကင်းအောင်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကျင့်သုံးရမယ့် အစဉ်အလာတစ်ခုဖြစ်ပါတယ်။ တစ်နှစ် တစ်ခါ အခုလို ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လှုပ်ရှားမှုပြုလုပ်ပေးတာက ဘေးအန္တရာယ်ကင်းရှင်းရေးကို မမေ့လျော့ကြဖို့ လူတိုင်းကို အချိန်မှန်မှန်သတိပေးတဲ့သဘောပါပဲ။ ဘေးအန္တရာယ်ကင်းရှင်းဖို့လူတိုင်းမှာ တာဝန်ရှိပါတယ်။" ဟု Yangon Aerodrome Company Limited ၏ Safety အဖွဲ့ကပြောကြားခဲ့ပါသည်။

Yangon Aerodrome Company Limited ၏ Chief Executive Officer ဖြစ်သူ Mr. Ho Chee Tong က "FOD Campaign က အောင်မြင် စွာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံးရဲ့ပူးပေါင်းပါဝင်မှုမရှိဘဲ ဒီလိုအောင်မြင်မှုကို ရနိုင်မှာမဟုတ်ပါဘူး။ ဒီလှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြတဲ့ အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဘေးအန္တရာယ်ကင်းရှင်းရေးအစဉ်အလာတစ်ခု ဖြစ်ပေါ်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အမြဲဆောင်ရွက်သွားနိုင်ဖို့ မျှော်လင့်ပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

**-- End of Press Release --**

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

နိုင်ငံတကာအဆင့်မီလေဆိပ်ဝန်ဆောင်မှုများအား စတင်ဝန်ဆောင်မှုပေးခဲ့သော Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံ၏ အဓိကဝင်ပေါက်၊ ထွက်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိသော YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အရည်အသွေးမြင့် လေကြောင်းဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရေးအတွက် အခြေခံအဆောက်အအုံ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို နေ့စဉ်နဲ့အမျှ အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်လျက် ရှိပါသည်။

အိန္ဒိယ နှင့် တရုတ်နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိလျက်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံနေထိုင်ရာ နိုင်ငံများသို့ ခြောက်နာရီကြာပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ မြန်မာနိုင်ငံသည် ခရီးသွားလာရာ နေရာတစ်ခုအဖြစ် ရေပန်းစားလူကြိုက်များလာသည်နှင့်အညီ YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးမြင့် ခရီးသွားဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရန် အဆင့်မြှင့်တင်လျက်ရှိပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အရောင်းဆိုင် ၄၇ ဆိုင် ရှိပြီး အစားအသောက်အရောင်းဆိုင် ၂၃ ဆိုင် ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၂ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၃၁ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၈ ခုနှစ် အတွင်း ခရီးသည်ပေါင်း ၆.၁၃၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။